PART OF THE YOMA GROUP

First Myanmar Investment Public Company Limited

# 31st Annual General Meeting

## (၃၁)ကြိမ်မြောက်
## နှစ်ပတ်လည်အထွေထွေအစည်းအဝေး

FRIDAY | 5 AUGUST 2022 | AT 2:30 PM

LIVE ON

http://agm.fmi.com.mm

**ဤစာရွက်စာတမ်းသည် အရေးကြီးစာရွက်စာတမ်းဖြစ်ပြီး ချက်ချင်းအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။**

လူကြီးမင်းအနေဖြင့် ဤစာရွက်စာတမ်းတွင်ပါဝင်သော အချက်အလက်များ၊ လုပ်ဆောင်ရန်များနှင့်စပ်လျဥ်း၍ အကူအညီလိုအပ်ပါက ရှယ်ယာဝယ်ရောင်းပွဲစား၊ ရှေ့နေ၊ စာရင်းကိုင် (သို့မဟုတ်) အခြားကျွမ်းကျင်သူပညာရှင်နှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့ နှင့် ယခု အကြောင်းကြားစာပါနေ့ရက်ကြားတွင် လူကြီးမင်း၏ First Myanmar Investment Public Company Limited ("ကုမ္ပဏီ") မှ အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခဲ့ပါက ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အစုရှယ်ယာရှင်များထံသို့ ကုမ္ပဏီ၏အချက်အလက်များ ပိုမိုပြည့်စုံစွာရောက်ရှိရန် ရည်ရွယ်လျက် Electronic Version အဖြစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ Website https://fmi.com.mm သို့မဟုတ် http://agm.fmi.com.mm တွင် Download လုပ်၍ ရယူနိုင်ပါသည်။

**This document is important and requires your immediate attention.**

If you are in any doubt about the contents of this document or as to what action you should take, please seek advice from your stockbroker, solicitor, accountant, or other appropriate professional adviser.

If you have sold or otherwise transferred all your shares in First Myanmar Investment Public Company Limited (the "Company") between 24 June 2022 and the date of this notice, please contact the Company to proceed with the necessary procedures.

All electronic versions of the annual report and documents relating to the Annual General Meeting ("AGM") can be downloaded from the Company's website, https://fmi.com.mm or http://agm.fmi.com.mm.

## မာတိကာ
## Table of Contents


| | |
|---|---|
| (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အကြောင်းကြားစာ<br>Notice of 31st AGM | ၃<br>3 |
| အခမ်းအနားအစီအစဉ်<br>Agenda | ၅<br>5 |
| သတိပြုရမည့်အချက်များ<br>Important Notes | ၆<br>7 |
| နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အင်တာနက်မှတဆင့်တက်ရောက်နိုင်ရန်လမ်းညွှန်ချက်များ<br>Guidelines to Virtual AGM | ၉<br>9 |
| အစည်းအဝေးပုံစံ လမ်းညွှန်ချက်များ၏ သတိပြုရမည့်အချက်များ<br>Notes to users of the Remote Participation and Voting | ၁၀<br>10 |

## (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အကြောင်းကြားစာ

No. AC-02/2001 (194 /2022)
Date: 6 July 2022

First Myanmar Investment Public Company Limited ၏ (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အင်တာနက်မှတဆင့် တိုက်ရိုက်ထုတ်လွှင့်/တတ်ရောက်နိုင်မည့် အစည်းအဝေးပုံစံဖြင့် ကျင်းပမည်ဖြစ်ရာ အစည်းအဝေး၏ အင်တာနက်စာမျက်နှာ http://agm.fmi.com.mm မှတဆင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၅)ရက်၊ သောကြာနေ့၊ နေ့လယ်(၂:၃၀) နာရီ အချိန်တွင် ကုမ္ပဏီရုံးချုပ်ကနေ ထုတ်လွှင့်ကျင်းပမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည် ဖြစ်ပါသည်။

အောက်ပါဆုံးဖြတ်ချက်များ၏ သင့်တင့်လျောက်ပတ်မှုကို သုံးသပ်၍ ဆုံးဖြတ်ချက်စာသားများအား လိုအပ်ပါက ပြုပြင်ပြောင်းလဲ၍ဖြစ်စေ၊ ပြင်ဆင်ရန်မလိုအပ်ပါက အဆိုပြုထားသည့်အတိုင်းဖြစ်စေ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာနှစ် ("၂၀၂၂ မတ်လဘဏ္ဍာနှစ်") ၏ နှစ်ချုပ်စာရင်း၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်၏ အစီရင်ခံစာကို အတည်ပြုရန်။
(ရှင်းလင်းချက် ။ ဤအဆိုပြုဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ရန်ကုန်စတော့အိတ်ချိန်း၏ Website ၌ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နှစ်ချုပ်အစီရင်ခံစာနှင့် တွဲဖက်လေ့လာသုံးသပ်ရန် ဖြစ်ပါသည်။)

၂။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသန်းအောင် ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
(ရှင်းလင်းချက် ။ ဦးသန်းအောင် အား ပြန်လည်ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာ ဖြစ်ပါမည်။

၃။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ပါမောက္ခဒေါက်တာအောင်ထွန်းသက် ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
(ရှင်းလင်းချက် ။ ပါမောက္ခဒေါက်တာအောင်ထွန်းသက် အား ပြန်လည်ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ သီးခြားလွတ်လပ်သော အမှုဆောင်မဟုတ်သောဒါရိုက်တာ ဖြစ်ပါမည်။)

၄။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးလင်းမြိုင် ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
(ရှင်းလင်းချက် ။ ဦးလင်းမြိုင် အား ပြန်လည်ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာ ဖြစ်ပါမည်။)

၅။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၃.၁ အရ ကုမ္ပဏီ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေအား ဖန်တီးရာတွင် အစုရှယ်ယာများ ("အစုရှယ်ယာများ") သို့မဟုတ် ရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော အခြားသော ဘဏ္ဍာရေးဆိုင်ရာသက်သေခံလက်မှတ်များကို ပြောင်းလဲ၍ရသော ချေးငွေသဘောတူညီချက်ပါ အချက်အလက်များနှင့်ကိုက်ညီပါက ထုတ်ဝေရန်အခွင့်အာဏာရရှိမည်ဖြစ်သည်။

(က) ဆုံးဖြတ်ချက် (၆) အတည်ပြုသည့်အချိန်တွင်ရှိသည့် ကုမ္ပဏီမှထုတ်ဝေထားသော မတည်ရင်းနှီးငွေ (အစုရှယ်ယာအဖြစ်ပြောင်းလဲနိုင်သော သက်သေခံလက်မှတ်များအပါအဝင်) စုစုပေါင်း ရှယ်ယာအရေအတွက်၏ (၈၅%) အထိ အစုရှယ်ယာရှင်များထံသို့ အချိုးကျထုတ်ဝေရန်၊ ယင်းကဲ့သို့ ထုတ်ဝေရာတွင် အစုရှယ်ယာရှင်မဟုတ်သူများထံ ထုတ်ဝေရန် ဖြစ်ပါက ပိုင်ဆိုင်မှုအချိုး (၁၅%) ထက်မပိုသော အရေအတွက်သာထုတ်ဝေရန်။

(ခ) ဤဆုံးဖြတ်ချက်မှ အပ်နှင်းထားသည့် အခွင့်အာဏာသည် ကုမ္ပဏီ၏ နောက်လာမည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးပြီးဆုံးချိန်အထိ အာဏာသက်ရောက်မှုရှိစေရန်။

၆။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက် (ပြန်လည်ပြင်ဆင်ထားသော ချေးငွေစာချုပ် ထုတ်ပြန်ချက်) တွင် ပါရှိသည့် အဓိကအချက်အလက်များနှင့် ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၃.၁ နှင့် Yangon Stock Exchange ("YSX") မှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ လမ်းညွှန်ချက်များနှင့်အညီ

(က) ပြန်လည်ပြင်ဆင်ထားသော ချေးငွေစာချုပ် ထုတ်ပြန်ချက်တွင် တင်ပြထားသည့်အတိုင်း ကုမ္ပဏီ၏ ဒါရိုက်တာများသည် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကုမ္ပဏီနှင့် Ayala Corporation ("Ayala") တို့အကြား ချုပ်ဆိုထားသည့် ပြန်လည်ပြင်ဆင်ထားသော ချေးငွေစာချုပ်အရ ရာသက်ပန်ချေးငွေအဖြစ် ပြောင်းလဲပြီး ပြန်လည်ပေးချေမည့် အစုရှယ်ယာအသစ်ပေါင်း ၈,၂၇၇,၄၂၇ ကို ကုမ္ပဏီမှ Ayala (တိုက်ရိုက် သို့ ၎င်း၏ လုပ်ငန်းခွဲများမှတစ်ဆင့်) သို့ ထုတ်ဝေပေးရန် အခွင့်အာဏာရရှိမည်ဖြစ်သည်။ ထိုသို့ ပြန်လည်ပေးချေမည့် အစုရှယ်ယာများသည်

(i) ကုမ္ပဏီ၏ အစုရှယ်ယာတစ်စု ၇ ရက် ဆက်တိုက် အရောင်းအဝယ် ပျမ်းမျှ ရှယ်ယာဈေးနှုန်းသည် မြန်မာကျပ်ငွေ ၁၅,၀၀၀ နှင့် (သို့) ၎င်းထက်ပိုသော ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခြင်း၊

(ii) ပြန်လည်ပြင်ဆင်ထားသော ချေးငွေစာချုပ်အရ ပြန်လည်ပေးချေမည့် အစုရှယ်ယာများသည် ပြန်လည်ပေးချေမည့်နေ့မှစ၍ လက်ရှိ ထုတ်ဝေထားသော အစုရှယ်ယာများနှင့် တန်းတူအခွင့်အရေးအားလုံးကို ရရှိမည်ဖြစ်သည်။

(ခ) ပြန်လည်ပြင်ဆင်ထားသော ချေးငွေများသည် သက်တမ်းကုန်ဆုံးရက် မရှိသည့် ရာသက်ပန်ချေးငွေဖြစ်သည်။

(ဂ) ဤဆုံးဖြတ်ချက်မှ အပ်နှင်းထားသည့် အခွင့်အာဏာသည် ပြန်လည်ပြင်ဆင်ထားသော ချေးငွေစာချုပ်ပါ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ လုပ်ဆောင်ပြီးချိန်အထိ (ကုမ္ပဏီ၏ နောင်လာမည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ပြန်လည်ပြင်ဆင်ခြင်း (သို့) ရုပ်သိမ်းခြင်း မရှိလျှင်) အာဏာသက်ရောက်မှုရှိစေရန်။

(ဃ) ကုမ္ပဏီ၏ ဒါရိုက်တာများသည် အထက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို လိုအပ်သလို ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ ရှိစေရန်။

၇။ Excellent Choice Professional Limited (associated with Nexia TS Public Accounting Corporation, Singapore) အား ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ် ခန့်အပ်ရန်။



ဦးထွန်းထွန်း
အလုပ်အမှုဆောင်ဒါရိုက်တာ
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၆) ရက်။

## Notice of 31st Annual General Meeting

NOTICE IS HEREBY GIVEN THAT the 31st Annual General Meeting of the Company ("AGM") of the shareholders of First Myanmar Investment Public Company Limited ("the Company") will be held VIRTUALLY and streamed live on http://agm.fmi.com.mm from the head office of the Company on Friday, 5 August 2022 at 2:30 p.m., Myanmar time, to transact the following businesses: -

To consider and if thought fit, to pass the following resolutions as ordinary resolutions, with or without any modifications:

1. To receive and adopt the Company's financial report, directors' report and auditor's report for the financial year from 1 October 2021 to 31 March 2022 ("FY Mar 2022"). (Note: This resolution shall be considered in conjunction with the Company's Annual Report published on 30 June 2022 on the Yangon Stock Exchange's website.)
2. To re-elect U Than Aung as a Director of the Company, who is retiring pursuant to Clause 16.14 of the Constitution of the Company, and who being eligible, will offer himself for re-election. (Note: U Than Aung, upon re-election, will be a Non-Executive Director of the Company.)
3. To re-elect Prof. Dr. Aung Tun Thet as a Director of the Company, who is retiring pursuant to Clause 16.14 of the Constitution of the Company, and who being eligible, will offer himself for re-election. (Note: Prof. Dr. Aung Tun Thet, upon re-election, will be an Independent Non-Executive Director of the Company.)
4. To re-elect U Linn Myaing as a Director of the Company, who is retiring pursuant to Clause 16.14 of the Constitution of the Company, and who being eligible, will offer himself for re-election. (Note: U Linn Myaing, upon re-election, will be a Non-Executive Director of the Company.)
5. That pursuant to Clause 3.1 of the Constitution of the Company, the Directors of the Company be and are hereby authorized to cause the implementation of the issuance of ordinary shares ("Shares") or other instruments convertible into Shares during the continuance of this authority or thereafter, at any time and upon such terms and conditions and for such purposes and to such persons as the Directors may in their absolute discretion deem fit, provided that:

    a. the aggregate number of Shares to be issued pursuant to this Ordinary Resolution 6 does not exceed eighty-five per cent (85%) of the total number of issued Shares at the time this Ordinary Resolution 6 is passed ("Issued Shares"), and provided that the aggregate number of Shares to be issued other than on a pro-rata basis to shareholders of the Company (including Shares to be issued in pursuance of convertible securities made or granted pursuant to this Resolution) does not exceed thirty-five per cent (35%) of the total number of Issued Shares; and
    b. the authority conferred by this Ordinary Resolution 6 shall continue in force until the earlier of (i) the conclusion of the next general meeting of the Company, or (ii) the date by which the next annual general meeting of the Company is required by law to be held.

6. Contingent upon the satisfaction of the prescribed conditions as disclosed in the Salient Terms in the announcement on the capital increase in the Company dated 23 March 2022 (the "Restructured Loan Agreement Announcement"), and pursuant to Clause 3.1 of the Constitution of the Company and the rules, guidelines and measures issued by the Yangon Stock Exchange ("YSX"):

    a. the Directors of the Company be and are hereby authorized, during the continuance of this authority or thereafter, at any time and upon such terms and conditions set forth in the Restructured Loan Agreement entered between the Company and Ayala Corporation on 23 March 2022 (the "Restructured Loan Agreement"), to issue redemption shares to Ayala Corporation (directly or through an indirectly held wholly owned subsidiary) ("Ayala") upon conversion of the Perpetual Loan by way of allotment and issuance of 8,277,427 new Shares ("Redemption Shares") in the capital of the Company as disclosed in the Restructured Loan Agreement Announcement. Such number of Redemption Shares shall:
        i. be issued and allotted when the 7-day volume weighted average price of a share of the Company is equal to or exceeds MMK 15,000, being the issue price per Redemption Share; and
        ii. rank pari passu in all respects with, and carry all rights similar to the existing Shares, pursuant to the terms of the Restructured Loan.
    b. the Restructured Loan is a perpetual loan with no fixed maturity date;
    c. the authority conferred by this Resolution 7 shall, unless revoked or varied by the Company in a general meeting, continue in force until the completion of the Restructured Loan Agreement; and
    d. the Directors be and are hereby authorized to do all such acts and things (including, without limitation, executing all such documents as may be required) as they may consider necessary, desirable, expedient or in the interest of the Company to give effect to this Resolution 7.

7. To re-appoint Excellent Choice Professional Limited (associated with Nexia TS Public Accounting Corporation, Singapore), as the auditor for the financial year ending 31 March 2023 ("FY2023").



Tun Tun
Executive Director
6 July 2022

## အခမ်းအနားအစီအစဉ်
## Agenda

**Agenda 1: 2:30 p.m.**
အစည်းအဝေးစတင်ကြောင်းကြေညာခြင်း
Commencement of the AGM

**Agenda 2: 2:35 p.m.**
ဒါရိုက်တာအဖွဲ့ဝင်များအား မိတ်ဆက်ပေးခြင်း
Introduction of the Board of Directors

**Agenda 3: 2:45 p.m.**
အစည်းအဝေးသဘာပတိက အဖွင့်အမှာစကားပြောကြားခြင်း
Call to Order and Welcome Remarks by Chairman of the AGM

**Agenda 4: 3:00 p.m.**
အမှုဆောင်ဥက္ကဋ္ဌက လုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြခြင်း
The Executive Chairman's Report on Business Presentation

**Agenda 5: 3:45 p.m.**
အစည်းအဝေးသဘာပတိက အဆိုပြုထားသော ဆုံးဖြတ်ချက်များအား တင်ပြခြင်းနှင့် ဆုံးဖြတ်ချက်များ၏ မဲရလဒ်များကို ကြေညာခြင်း
Announcement of the Proposed Resolutions and the Voting Result by Chairman of the AGM

**Agenda 6: 4:00 p.m.**
နိဂုံးချုပ်စကား ပြောကြားခြင်းနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးဆုံးကြောင်း ကြေညာခြင်း
Closing Address and Declaration of the Successful Completion of the AGM

## သတိပြုရမည့်အချက်များ

၁။ COVID-19 ကပ်ရောဂါကူးစက်မှု အန္တရာယ်များကြောင့် လူအများအပြားစုဝေးခြင်းကို ကန့်သတ်ထားသည့်အတွက် ရှယ်ယာရှင်များနှင့် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို ကာကွယ်ပေးရန်အလို့ငှာ ဒါရိုက်တာအဖွဲ့သည် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား အင်တာနက်မှတဆင့် တိုက်ရိုက်ထုတ်လွှင့်ပြီး ရှယ်ယာရှင်များအားလုံး တက်ရောက်နိုင်မည့် အစည်းအဝေးပုံစံဖြင့် ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လက်ရှိထုတ်ပြန်ထားသော ကန့်သတ်မှုအမိန့်များနှင့် နောက်ဆက်တွဲ စည်းကမ်းထုတ်ပြန်ချက်များနှင့်အညီ အစုရှယ်ယာရှင်များသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အင်တာနက်မှတဆင့် ပါဝင်တက်ရောက်ခြင်းနှင့် မဲပေးခြင်းများ လုပ်ဆောင်နိုင်ရန် ကုမ္ပဏီ၏ နှစ်ပတ်လည်အစည်းအဝေး အင်တာနက်စာမျက်နှာ http://agm.fmi.com.mm ကို အသုံးပြု၍ စာရင်းပေးသွင်းနိုင်ကြပါသည်။

၃။ အစုရှယ်ယာရှင်များသာ အစည်းအဝေးသို့ အင်တာနက်မှတဆင့် ပါဝင်တက်ရောက်ခြင်း၊ မဲပေးခြင်းနှင့် အမေးအဖြေပြုလုပ်ခြင်း (စုစုပေါင်းအားဖြင့် "ပါဝင်ဆင်နွှဲခြင်း") တို့ကို ပြုလုပ်နိုင်ကြပါသည်။ ထိုသို့ ပါဝင်ဆင်နွှဲနိုင်ရန် အသေးစိတ်လမ်းညွှန်ချက်အဆင့်ဆင့်ကို နှစ်ပတ်လည်အစည်းအဝေးအင်တာနက်စာမျက်နှာ http://agm.fmi.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ အဆိုပါအင်တာနက်စာမျက်နှာမှတဆင့် အစုရှယ်ယာရှင်များသာလျှင် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိပြီး အစည်းအဝေးအစီအစဉ်အားလုံးကို ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ပါသည်။ ယင်းအင်တာနက်စာမျက်နှာတွင် အစည်းအဝေးတက်ရောက်ရန်အတွက် အမည်စာရင်းပေးသွင်းခြင်းအား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့မှစတင်၍ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့အထိ ဆောင်ရွက်နိုင်ပါသည်။

၅။ အထက်ပါ အင်တာနက်စာမျက်နှာတွင် အမည်စာရင်းမသွင်းထားသည့် အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာရှင်မဟုတ်သူများအနေနှင့် နှစ်ပတ်လည် အစည်းအဝေးအား ကုမ္ပဏီ၏ တရားဝင် Website စာမျက်နှာတွင် တိုက်ရိုက်ထုတ်လွှင့်သော အစီအစဉ်မှတဆင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး၊ အစည်းအဝေးအစီအစဉ် အမှတ် (၄) အထိသာ ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၆။ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မည့်ကိစ္စရပ်များအတွက် အထက်ပါ အင်တာနက်စာမျက်နှာမှတဆင့် အစုရှယ်ယာရှင်များအနေနှင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ နံနက် (၉း၀၀) နာရီမှ စတင်၍ အစည်းအဝေးကျင်းပမည့် နေ့လယ် (၁း၀၀) နာရီ အထိ မဲပေးနိုင်မည်ဖြစ်သည်။ အစည်းအဝေးသဘာပတိက အစီအစဉ် (၅) တွင် မဲပေးမှုရလဒ်များကို ကြေညာပြီး အစည်းအဝေးဆုံးဖြတ်ချက်များ အောင်မြင်ခြင်းရှိမရှိကို အတည်ပြုကြေညာပေးပါမည်။

၇။ အစုရှယ်ယာရှင်များသည် မေးခွန်းများမေးမြန်းလိုပါက နှစ်ပတ်လည်အစည်းအဝေး အင်တာနက်စာမျက်နှာ http://agm.fmi.com.mm သို့ ဝင်ရောက်ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့ နံနက် (၉း၀၀) နာရီထက် နောက်မကျပဲ မေးမြန်းနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့သည် အစည်းအဝေးတွင် လက်ခံရရှိသောမေးခွန်းများကို အစည်းအဝေးတွင် သို့မဟုတ် အစည်းအဝေးအပြီးတွင် စာဖြင့်အမြန်ဆုံး ဖြေကြားပေးမည် ဖြစ်ပါသည်။

## Important Notes

1. Due to the COVID-19 transmission risks and in consideration of the safety of shareholders and staff attending the AGM, the Board of Directors has decided to hold the AGM virtually and to broadcasted it from the Company's head office.

2. In compliance with the Constitution and current restrictions and relevant regulatory directives, shareholders shall register their attendance and vote for the 31st AGM by poll remotely by using the Remote Participation and Voting ("RPV") facilities provided on the Company's webpage at https://agm.fmi.com.mm.

3. Only shareholders are entitled to attend, ask questions and vote (collectively, "participate") at the meeting via RPV facilities. Please follow the procedures for RPV in the Administrative Notes which can be found at http://agm.fmi.com.mm.

4. Only shareholders shall proceed to register to attend the AGM from 21 July 2022 till 4 August 2022 at https://agm.fmi.com.mm.

5. Shareholders who do not register in AGM webpage and non-shareholders shall be able to watch the live AGM on the Company's website up to Agenda 4.

6. Shareholders shall proceed to vote on the resolutions via the Company's AGM webpage and submit your votes at any time from 1 August 2022 at 9.00 a.m. up to 1.00 p.m. on the day of the AGM. The Chairman of the AGM shall verify and announce the voting results on Agenda 5 to declare whether the resolutions are duly passed.

7. Shareholders may submit questions for the Board of Directors in advance of the AGM via online on the Company's AGM webpage at https://agm.fmi.com.mm by selecting "Questions" and submit electronically no later than 9.00 a.m. on 4 August 2022. The Board will endeavor to answer questions received soonest after the AGM in written format.

## နှစ်ပတ်လည် အထွေထွေအစည်းအဝေး၏ အင်တာနက်မှတဆင့် တိုက်ရိုက်ထုတ်လွှင့်/တက်ရောက်နိုင်မည့် အစည်းအဝေး ပုံစံ လမ်းညွှန်ချက်များ

(၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား အင်တာနက်မှတဆင့် ပါဝင်တက်ရောက်လိုသော အစုရှယ်ယာရှင်များသည် အောက်ဖော်ပြပါ လိုအပ်ချက်များနှင့် လုပ်ဆောင်ချက်များအတိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

| လုပ်ငန်းစဉ် | | လုပ်ဆောင်ရမည့်အချက်များ |
|---|---|---|
| က | အစုရှယ်ယာရှင်တစ်ဦးအဖြစ် မှတ်ပုံတင်သွင်းပါ။ | • ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းဖုန်းကို အသုံးပြု၍ http://agm.fmi.com.mm အင်တာနက်လင့်ခ်ထဲသို့ ဝင်ရောက်ပါ။<br>• လူပုဂ္ဂိုလ်ရှယ်ယာရှင်ဖြစ်ပါက မှတ်ပုံတင်အမှတ် (သို့) မွေးသက္ကရာဇ်ကို အသုံးပြု၍ Login ပြုလုပ်ပါ။<br>• ကုမ္ပဏီရှယ်ယာရှင်ဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်အမှတ် (သို့) ကုမ္ပဏီတည်ထောင်သည့်နေ့ကို အသုံးပြု၍ Login ပြုလုပ်ပါ။<br>• ဆက်သွယ်စိစစ်ရန် မိုဘိုင်းဖုန်းနံပါတ်ကို ဖြည့်စွက်ပါ။<br>• Password ကို ဖန်တီးပါ။<br>• လိုအပ်သော အကူအညီရယူရန်အတွက် နောက်စာမျက်နှာတွင် ဖော်ပြထားသော လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပါ။ |
| ခ | အင်တာနက်မှတဆင့် မဲပေးခြင်း | • မဲပေးမှုကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်၊ နံနက် (၉း၀၀) နာရီမှ စတင်၍ အစည်းအဝေးကျင်းပမည့်နေ့ နေ့လယ် (၁း၀၀) နာရီ ကာလအထိ ပြုလုပ်နိုင်ပါသည်။<br>• အစည်းအဝေးကို အင်တာနက်မှတဆင့် မဲပေးနိုင်ရန် "အစည်းအဝေးပုံစံလမ်းညွှန်ချက်များ" ကို ရွေးချယ်ပါ။ |
| (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးနေ့ | | |
| ဂ | Login | အစည်းအဝေးစတင်ကျင်းပမည့် အချိန်ထက် မိနစ် (၃၀) စော၍ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊ နေ့လယ် (၂း၀၀) နာရီမှ စတင်၍ ကြိုတင်စောင့် ဆိုင်းနိုင်ပြီး အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မှတ်ပုံတင် အမှတ် (သို့) ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် (သို့) ကုမ္ပဏီတည်ထောင်သည့်နေ့နှင့် Password ကို အသုံး ပြု၍ Login ပြုလုပ်ပါ။ |
| ဃ | တိုက်ရိုက်ထုတ်လွှင့်မှုမှတဆင့် အစည်းအဝေး တက်ရောက်ခြင်း | အစည်းအဝေးကို အင်တာနက်မှတဆင့် ပါဝင်တက်ရောက်နိုင်ရန် ("(၃၁)ကြိမ်မြောက် အစည်းအဝေးအား တိုက်ရိုက်ထုတ်လွှင့်မှု") ကို ရွေးချယ်ပါ။ |
| င | အစည်းအဝေး သဘာပတိမှ နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာခြင်း | အစည်းအဝေးသဘာပတိက နှစ်ပတ်လည်အထွေထွေအစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပြီးသည့်အခါ တိုက်ရိုက်ထုတ်လွှင့်မှုကို ရပ်နားမည်ဖြစ်ပါသည်။ |

## Guidelines to Virtual AGM:

Shareholders who wish to participate the 31st AGM remotely using the RPV facilities are to follow the requirements and procedures as summarised below

| Procedure | | Action |
|---|---|---|
| a. | Register as a shareholder | • Use your computer or mobile, access the website at http://agm.fmi.com.mm.<br>• For individual shareholders, log in with your National Registration Card ("NRC") number and Date of Birth ("DOB").<br>• For corporate shareholders, log in with your Company Registration Number ("CRN") and its Date of Incorporation ("DOI").<br>• Add mobile phone number to contact/verify.<br>• Set up your password ("Password").<br>• Refer to the guidelines posted on the homepage for assistance. |
| b. | Online Remote Voting | • Voting commences 1 August 2022 at 9:00 a.m. up to 1:00 p.m. on the day of the AGM.<br>• Select "Register for Remote Participation and Voting". |
| **On the 31th AGM Day** | | |
| c. | Login | Login with your NRC or CRN and DOB or DOI and Password for remote participation at the 31st AGM at any time from 2:00 p.m. i.e., 30 minutes before the commencement of meeting at 2:30 a.m. on 5 August 2022. |
| d. | Participate through Live Streaming | Select the corporate event: "LIVE STREAMING FMI 31st AGM" to engage in the proceedings of the 31st AGM remotely. |
| e. | Upon the announcement by the Chairman of the AGM on the closure of the participation | Upon the announcement by the Chairman of the AGM on the closure of the 31st AGM, the Live Streaming will end. |

## အစည်းအဝေးပုံစံ လမ်းညွှန်ချက်များ၏ သတိပြုရမည့်အချက်များ

၁။ အစည်းအဝေးကျင်းပမည့်နေ့တွင် Login ဝင်ရောက်ခဲ့သော အစုရှယ်ယာရှင်များအား အင်တာနက်မှတဆင့် အစည်းအဝေး တက်ရောက်ခဲ့ကြောင်း သတ်မှတ်သွားမည် ဖြစ်ပါသည်။
၂။ တိုက်ရိုက်ထုတ်လွှင့်မှုအား ကြည့်ရှုရာတွင် အင်တာနက် ဆက်သွယ်မှုအရည်အသွေးမှာ အသုံးပြုသော အီလက်ထရွန်နစ် ပစ္စည်း၊ ရောက်ရှိနေသောနေရာရှိ အင်တာနက်လိုင်း တည်ငြိမ်မှုနှင့် မြန်နှုန်းအပေါ် မူတည်ပါသည်။
၃။ Login ဝင်ရောက်ခြင်းနှင့် တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုခြင်းတို့တွင် အဆင်မပြေမှု တစ်စုံတရာရှိပါက ကုမ္ပဏီ၏ တာဝန်ရှိသူသို့ အကူအညီတောင်းခံနိုင်ရန် ဖုန်းနံပါတ် +၉၅ ၉ ၇၆၆ ၄၈၇ ၁၀၉ သို့ ဆက်သွယ်နိုင်ပါသည်။
၄။ (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အစီအစဉ်တွင် မည်သည့်လက်ဆောင်များ သို့မဟုတ် အစားအစာ ရယူနိုင်သော ဘောက်ချာလက်မှတ်များ ပေးအပ်မည်မဟုတ်ပါ။
၅။ ကုမ္ပဏီသည် ယခုလို စိန်ခေါ်မှုများပြားသော အချိန်ကာလတွင် အစုရှယ်ယာရှင်များ၏ နားလည်ပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တို့အတွက် အစုရှယ်ယာရှင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

## Notes to users of the Remote Participation and Voting

1. Your login on the day of the AGM will indicate your presence at the virtual meeting.
2. The quality of your connection to the live broadcast is dependent on the bandwidth and stability of the Internet at your location and the device you use.
3. In the event you encounter any issues with logging-in, connection to the live streamed meeting or online voting, kindly call FMI Help Line at +95 9 766 487 109 for assistance.
4. There will be NO distribution of door gifts or food vouchers for the 31st AGM.
5. The Company would like to thank all its shareholders for their kind co-operation and understanding in these challenging times.

FMI

PART OF THE YOMA GROUP

## စုံစမ်းမေးမြန်းရန်

အထက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းလိုသည်များရှိပါက တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် (၉:၀၀) နာရီ မှ ညနေ (၄:၀၀) နာရီ အထိ (အများပြည်သူ ရုံးပိတ်ရက်များမပါ) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့ မတိုင်မီ ကုမ္ပဏီထံသို့ ဆက်သွယ်နိုင်ပါသည်။

First Myanmar Investment Public Company Limited

အီးမေးလ် - Info-fmi@yoma.com.mm

ဖုန်း - +၉၅ ၁ ၃၆၈၇ ၇၆၆ (Ext: ၈၁၁၆)

မိုဘိုင်းဖုန်း - +၉၅ ၉ ၇၆၆ ၄၈၇ ၁၀၉

## Enquiry

If you have any enquiries on the above, please contact us during office hours on Mondays to Fridays from 9:00 a.m. to 4:00 p.m. (except on public holidays) before 5 August 2022.

First Myanmar Investment Public Company Limited

Email : Info-fmi@yoma.com.mm

Phone : +95 1 3687 766 (Ext 8116)

Mobile : +95 9 766 487 109